**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၂၈၉ /၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်**

**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **"သင်္ဘောသားများအား အဓိကကျသောလုပ်သားများ (Key Workers) အဖြစ် သတ်မှတ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ"** ကို ထုတ်ပြန်လိုက်သည်။

COVID-19 Pandemic ဖြစ်ပွားနေစဉ်ကာလအတွင်း ကမ္ဘာ့တစ်ဝှမ်းကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရန် ထောက်ပံ့ပို့ဆောင်ပေးလျက်ရှိသည့် နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေသော ပင်လယ်ကူးသင်္ဘောသားများ လုံခြုံချောမွေ့စွာ ခရီးသွားလာ၍ သင်္ဘော အတက်/အဆင်းပြုလုပ်ခြင်း (Crew Change) နှင့် နေရပ်ပြန်ခြင်း(Repatriation) များကို လွယ်ကူစွာဆောင်ရွက်နိုင်ရန် သင်္ဘောသားများကိုင်ဆောင်ထားသည့် စာရွက်စာတမ်းအထောက် အထားများကို အသိအမှတ်ပြုလက်ခံရန်အတွက်လည်းကောင်း၊ နိုင်ငံအလိုက် သတ်မှတ်ထားသော ခရီးသွားလာမှုကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏ ရေပိုင်နက်နှင့် ဆိပ်ကမ်းများတွင် သင်္ဘော အတက်/အဆင်းပြုလုပ်ခြင်းကို ခွင့်ပြုရန်အတွက် လည်းကောင်း လိုအပ်သောအကူအညီများအား နိုင်ငံတော်မှ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ သင်္ဘောသားများကို အဓိကကျသောလုပ်သားများ **(Key Workers)** အဖြစ်သတ်မှတ်လိုက်သည်။

ဗိုလ်ချုပ်ကြီးတင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-၂/ ရက (DMA) (Noti) (၉/ ၁၄၂ )
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

ဖြန့်ဝေခြင်း

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမားဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အကောက်ခွန်ဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

ကျန်းမာရေးဦးစီးဌာန

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာအမျိုးသားလေကြောင်း

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်ကြော်ငြာစာတွဲ

အမိန့်အရ

ဝင်းခန့်

အမြဲတမ်းအတွင်းဝန်

\\Motcdata\F\WATER\2021\DMA\Keyworker\IMO-Key Workers Notification.Doc